HITACHI
Inspire the Next

# News Release

**FOR IMMEDIATE RELEASE**

**Contacts:**

| | | | |
|---|---|---|---|
| မြန်မာ: | ဒေါ်ငြိမ်းငြိမ်းအေး | Singapore: | Atsushi Konno |
| | Information Matrix | | Hitachi Asia Ltd. |
| | +95 1 512887 | | +65 6231 2225 |
| | nyeinnyeinaye@gmail.com | | akonno@has.hitachi.com.sg |


## Hitachi မှ "Hitachi ICT Solution Day in Yangon" ကို လက်ခံကျင်းပမည်

- Hitachi ၏ ရန်ကုန်မြို့တွင် ကျင်းပသော ပထမဆုံး အိုင်စီတီအခမ်းအနား -

**ရန်ကုန်၊ မြန်မာ၊ ၂၀၁၆၊ နိုဝင်ဘာ (၇)** --- Hitachi, Ltd. (TSE: 6501, "Hitachi") နှင့် Hitachi Asia Ltd. တို့မှ မိမိတို့သည် "Hitachi ICT Solution Day in Yangon" ကို ပထမဆုံးအကြိမ်အဖြစ် ဆီဒိုးနားဟိုတယ်တွင် လက်ခံကျင်းပမည်ဖြစ်ကြောင်း ယနေ့တွင်ထုတ်ပြန်ကြေငြာခဲ့သည်။ အဆိုပါ အခမ်းအနားသည် မြန်မာနိုင်ငံတွင် Hitachi Group မှ တတိယမြောက် ကျင်းပသော အခမ်းအနား ဖြစ်လာမည်ဖြစ်ပါသည်။

ကျင်းပခဲ့သော စီးပွားရေးဆွေးနွေးပွဲများမှတဆင့် ယခုအခမ်းအနားတွင် Hitachi ၏ ဆန်းသစ်တီထွင်သော လူမှုစီးပွားရေးလုပ်ငန်းများ (Social Innovation Business) အတွက် အရေးပါဆုံး မောင်းနှင်အားတစ်ခုဖြစ်ပြီး အခြေခံအဆောက်အအုံများနှင့် အဆင့်မြင့် သတင်းအချက်အလက် နည်းပညာများကို ပေါင်းစပ်ထားသော Hitachi ၏ ICT နည်းပညာရပ်များ ကို ပြသမည်ဖြစ်ပါသည်။

Hitachi ICT Solution Day သည် မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် အမျိုးမျိုးသော လူမှုရေးဆိုင်ရာ ကိစ္စရပ်များအတွက် ICT တွေးခေါ်ပုံများမှ နည်းပညာဆိုင်ရာ အဖြေများကို ဆွေးနွေးနိုင်မည့် အခွင့်အလမ်းတစ်ခုကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။ တက်ရောက်သူများတွင် "ACE Data Systems" ၏ ဥက္ကဌဖြစ်သူ ဦးသိန်းဦး၏ အမှာစကားပြောကြားမှုနှင့်အတူ မြန်မာ့လူ့အဖွဲ့အစည်း၏ လူနေမှုအဆင့်အတန်းအတွက် ထောက်ပံ့ပေးနိုင်မည့် ICTနည်းပညာရပ်များကို မိတ်ဆက်ပေးမည့် ရှင်းလင်းပြသမှု အပိုင်း(၆)ပိုင်းလဲ ပါဝင်ဆွေးနွေးမည်ဖြစ်ပါသည်။ ရှင်းလင်းပြသမှုအပိုင်း(၆)ခုသည် big data analytics, digital transformation, data centre operations, ICT platforms နှင့် applications ကဲ့သို့သော ကဏ္ဍများတွင် လုပ်ဆောင်နေသူများနှင့် ပါဝင်ဆက်စပ်နေမည် ဖြစ်ပါသည်။

Hitachi သည် မြန်မာ့လူ့အဖွဲ့အစည်းကို ပိုမိုထောက်ပံ့ပေးနိုင်ရန်အတွက် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ၎င်း၏ လုပ်ငန်းတူမိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ တက်ကြွစွာလုပ်ဆောင်လျက်ရှိပါသည်။ လက်ရှိအချိန်အထိ Hitachi သည် မြန်မာ့စက်မှု ဆိပ်ကမ်းကို ပိုမိုခေတ်မီအောင် ဆောင်ရွက်သည့် Port-EDI စီမံကိန်းကဲ့သို့ မြန်မာနိုင်ငံရှိ စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျှက် ရှိပါသည်။ JICA မှ ထောက်ပံ့ကြေးအကူအညီဖြင့် Hitachi သည် သက်တမ်းကြာမြင့်နေပြီဖြစ်သော ရန်ကုန် - မန္တလေး ရထားလမ်း အချက်ပြစနစ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးမည်ဖြစ်ပါသည်။ ထို့အပြင် Hitachi သည် မြန်မာ့စာပို့လုပ်ငန်း၏ ငွေလွှဲပြောင်းရေးလုပ်ငန်းများကိုလည်း ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲပေးရန် တာဝန်ယူထားပြီး ဖြစ်ပါ သည်။

- more -

နိုင်ငံသားတစ်ဦးနှင့် သက်ဆိုင်သော ဝတ္တရားနှင့်အညီ Hitachi သည် IT Engineering လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ထောက်ပံ့သည့်အနေဖြင့် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးဆိုင်ရာတက္ကသိုလ်တွင် Hitachi Myanmar ၏ လက်တွေ့စမ်းသပ်ခန်းတစ်ခုကို တည်ဆောက်ပြီးစီးခဲ့ပါသည်။ OT နှင့် IT အတွက် Hitachi ၏ နားလည်ဆောင်ရွက်နိုင်စွမ်းကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် Hitachi ၏ Social Innovation Business သည် မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအတွက် တိုက်ရိုက်တန်ဖိုးမြင့်တက်စေသည့် ဆောင်ရွက်ချက်များဖြစ်ပါသည်။

Hitachi သည် လူ့အဖွဲ့အစည်းအတွက် ကောင်းမွန်သောထောက်ပံ့မှုများ ပေးစွမ်းနိုင်ရန်၊ ကမ္ဘာ့အနှံ့မှ ယနေ့နှင့် နောင်အနာဂတ်မျိုးဆက်သစ်များအတွက် လုံခြုံသက်သာပြီး အဆင်ပြေမှုရှိအောင် ထောက်ပံ့ပေးခြင်းဖြင့် ကမ္ဘာကြီးအား ပုံဖော်နိုင်ရန်အတွက် Hitachi သည် မိမိ၏လုပ်ဖော်ကိုင်ဖက်များနှင့်အတူ အတွေးအခေါ်သစ်များကို အကောင်အထည်ဖော်ရန် ဆန္ဒပြင်းပြလျက်ရှိပါသည်။

Hitachi Asia Ltd. ၏ ဒု-မန်နေဂျင်းဒါရိုက်တာ နှင့် Hitachi Asia Ltd (မြန်မာနိုင်ငံ) ရုံးခွဲ၏ အထွေထွေမန်နေဂျာဖြစ်သော Mr. Masaaki Otake က "ကျွန်တော်တို့ဟာ Hitachi ICT Solution Day in Yangon ကို ပထမဆုံးအကြိမ်ကျင်းပနိုင်တဲ့အတွက် အရမ်းကိုစိတ်လှုပ်ရှားနေပါတယ်။ ICTဟာ ကျွန်တော်တို့ရဲ့နေ့စဉ်ဘဝမှာ လိုအပ်တဲ့အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေးနဲ့မြို့ပြဖွံ့ဖြိုးတိုးတက်မှုမှာလည်း အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်နေပါတယ်။ ဒီအခမ်းအနားမှာ Hitachi ရဲ့ အကောင်းဆုံး ICT ရှုထောင့်အမျိုးမျိုးနဲ့ ဒါတွေဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်ဖွံ့ဖြိုးမှုကို ဘယ်လို ထောက်ပံ့ပေးနိုင်တယ်ဆိုတာ ပြသမှာဖြစ်ပါတယ်။" ဟု ပြောကြားခဲ့ပါသည်။

**"Hitachi ICT Solution Day in Yangon" အတွက် အဓိကအချက်အလက်များ**

| | |
|---|---|
| အခမ်းအနားအမည် | Hitachi ICT Solution Day in Yangon |
| နေ့ရက်/အချိန် | ဒီဇင်ဘာ (၇)၊ ၂၀၁၆ (ဗုဒ္ဓဟူး)၊ နေ့လည် (၂)နာရီမှ ညနေ(၅:၃၀)နာရီ |
| နေရာ | ဆီဒိုးနားဟိုတယ် |

**Hitachi Asia အကြောင်း**

Hitachi Asia Ltd., သည် Hitachi, Ltd., ၏ လက်အောက်ခံကုမ္ပဏီဖြစ်ပြီး စင်္ကာပူနိုင်ငံတွင် အခြေစိုက်သည်။ အာဆီယံ (၇)နိုင်ငံဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ရုံးခွဲများ ထားရှိပြီး လူမှုအဖွဲ့အစည်း၏ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ၎င်းတို့၏ Social Innovation Business အပေါ်တွင် အလေးထားဆောင်ရွက်လျက်ရှိသည်။ Hitachi Asia Ltd နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီများသည် သတင်းအချက်အလက်နှင့် တယ်လီဖုန်း ဆက်သွယ်ရေးဆိုင်ရာ စနစ်များ၊ စွမ်းအင်စနစ်များ၊ လူမှုအခြေခံအဆောက်အအုံများနှင့် စက်မှုလုပ်ငန်းသုံးစနစ်များ၊ လျှပ်စစ်စနစ်များနှင့် ကိရိယာများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံး စက်ပစ္စည်းများ၊ အရည်အသွေးမြင့်ပစ္စည်းများနှင့် ပါဝင်ပစ္စည်းများ၊ မော်တော်ကားနှင့်ဆိုင်သော ဆက်စပ်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ ဘဏ္ဍာရေးဝန်ဆောင်မှုများနှင့် အခြားဝန်ဆောင်မှုများ ကို ကျယ်ပြန့်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။ Hitachi Asia Ltd ၏ အသေးစိတ်အချက်အလက်များအတွက် ကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်ဖြစ်သော http://www.hitachi.com.sg တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

**Hitachi, Ltd. အကြောင်း**

Hitachi, Ltd. (TSE: 6501) သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အခြေစိုက်ပြီး လူ့အဖွဲ့အစည်း၏ စိန်ခေါ်မှုများအတွက် အတွေးအခေါ်နှင့် နည်းလမ်းသစ်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ ကုမ္ပဏီသည် ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ် (၂၀၁၆ မတ်လ ၃၁ရက်တွင် ကုန်ဆုံးသည်) အတွက် စုစုပေါင်းအခွန် ယန်းငွေ ၁၀,၀၃၄.၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၈.၈ ဘီလီယံ) ပေးဆောင်ခဲ့ပြီးဖြစ်သည်။ Hitachi အုပ်စုသည် Social Innovation Business နယ်ပယ်တွင် ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့တွင် ဝန်ထမ်းပေါင်း (၃၃၅,၀၀၀)ဦး ခန့်အပ်ထားပြီးဖြစ်သည်။ ပူးပေါင်းဖန်တီးမှုများမှတဆင့် Hitachi သည် သုံးစွဲသူများအတွက် စွမ်းအား/စွမ်းအင်၊ စက်ရုံ/ဖြန့်ချိရေး/ရေ၊ မြို့ပြဖွံ့ဖြိုးရေးနှင့် ဘဏ္ဍာရေး/အစိုးရနှင့် လူထုဆက်ဆံရေး/ကျန်းမာရေးစောင့်ရှောက်မှု တို့အပါအဝင် ကျယ်ပြန့်သော အခန်းကဏ္ဍများတွင် နည်းပညာရပ်များကို ပံ့ပိုးကူညီပေးလျက်ရှိသည်။ Hitachi နှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များအတွက် ကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်ဖြစ်သော http://www.hitachi.com တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

# # #